# စစ်အာဏာရှင်စံနစ်ဖျက်သိမ်းရေးမြန်မာ့ဒီမိုကရေစီအင်အားစုများ၏ မဟာဗျူဟာညီလာခံအောင်မြင်စွာကျင်းပပြီးစီး

စစ်အာဏာရှင်စံနစ်ဖျက်သိမ်းရေးမြန်မာ့ဒီမိုကရေစီအင်အားစုများ၏ မဟာဗျူဟာညီလာခံ တရပ်ကိုအမေရိကန်နိုင်ငံအခြေစိုက်မြန်မာ့ဒီမိုကရေစီအင်အားစုများဖြစ်ကြသောစစမျိုးဆက်ကျောင်းသားများ(ပြည်ပ)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး(မကဒတ)ရဲဘော်ဟောင်းများ၊နိုင်ငံရေးအကျဉ်းသားဟောင်းများ၊လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီဝင်များ၊အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ(USA)အဖွဲ့ဝင်များ၊(FBF)အဖွဲ့ဝင်များ၊ ကရင့်အမျိုးသားအစည်းအရုံး(KNU)ရဲဘော်ဟောင်းများ ၊ ရခိုင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်မှရဲဘော်ဟောင်းများနှင့်ရွှေဝါရောင်သံဃာတော်များဖြင့်စုပေါင်းပြီး အမေရိကန်ပြည်ထောင်စု၊နယူးယောက်ပြည်နယ်၊ယူတီကာမြို့တွင်ဂျူလိုင်လ(၃)ရက်နေ့မှ(၄)ကိနေ့အထိ(၂)ရက်တိုင်တိုင်ကျင်းပခဲ့ကြသည်။

















PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အဆိုပါညီလာခံကြီးအားအောင်မြင်စွာကျင်းပနိုင်ရေးအတွက်(၃)လကြာအပါတ်စဉ်တယ်လီဖုန်းဆွေးနွေးပွဲများဖြင့်ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့ကြပြီး “ ၁။ ၂၀၁၀ရွေးကောက်ပွဲကိုလုံး၀ဆန့်ကျင်တိုက်ဖျက်ရေး ၂။ စစ်အာဏာရှင်စံနစ်ကို ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲဝင်ရေး (နည်းလမ်းပေါင်းစုံ) ၃။ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဟူသောအခြေခံမူ(၃)ရပ်ကိုချမှတ်ကာညီလာခံကိုကျင်းပခဲ့ကြသည် ။

ဤအခြေခံမူ(၃)ရပ်အား ညီလာခံကြီးမှ အတည်ပြုခဲ့ကြပြီး စစ်အာဏာရှင် စံနစ်ဖယ်ရှားရေး စစ်အုပ်စုဖြုတ်ချရေးအတွက် “ ပြတ်ပြတ်သားသား ဆန့်ကျင်တိုက်ဖျက်သွားရေး ”ဟူသောမဟာဗျူဟာကိုချမှတ်နိုင်ခဲ့ပြီး ပြည်တွင်း ၊ ပြည်ပ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည် ဖေါ်ဆောင်နိုင်ရေးအတွက် ဦးဆောင်ကော်မီတီတရပ်နှင့်လုပ်ငန်းကော်မီတီ(၆)ရပ်ကိုဖွဲ့စည်းခဲ့ပြီးစစ်အာဏာရှင်စံနစ်အား ပြတ်ပြတ် သားသား တိုက်ပွဲဝင်မည့် မည်သည့် အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်မဆိုကျယ်ပြန့်သောအမျိုးသားကွန်ဂရက်တရပ်ကိုဖွဲ့စည်းနိုင်ရန်အင်အားစုအသီးသီးနှင့်ညှိနှိုင်းပြီး(၆)လအတွင်းဒုတိယအကြိမ်ညီလာခံတရပ်ကိုဆက်လက်ကျင်းပသွားရန်ညီလာခံကိုယ်စားလှယ်များမှတညီတညွတ်တည်းဆုံးဖြတ်ခဲ့ကြသည် ။










သတင်းဓါတ်ပုံ — အောင်မြင့်ထွဏ်း(လူထုအသံ)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com